# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ
နှင့်
တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# THE UNION OF MYANMAR
THE STATE LAW AND ORDER RESTORATION COUNCIL

# တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ
# THE VETERINARY COUNCIL LAW

၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(19th October, 1995)

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၅)**

၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိရစ္ဆာန်ဆေးပညာ** ဆိုသည်မှာ တိရစ္ဆာန်များကို ရောဂါ ကာကွယ်ခြင်း၊ ကုသခြင်း၊ ခွဲစိတ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို စစ်ဆေးခြင်းဆိုင်ရာ အတတ် ပညာများ ပါဝင်သော ဆေးပညာကိုဆိုသည်၊

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိရစ္ဆာန် ဆေးပညာကောင်စီကိုဆိုသည်၊

**The State Law and Order Restoration Council**

**The Veterinary Council Law**

**(The State Law and Order Restoration Council Law No. 9/95)**

The 11th Waning Day of Thadingyut, 1357 ME

(19th October, 1995)

The State Law and Order Restoration Council hereby enacts the Following Law:-

## CHAPTER 1

## Title and Definition

1. This Law shall be called the Veterinary Council Law.

2. The following expressions contained in this Law shall have the meanings given hereunder:-

(a) **Veterinary Science** means medical science which includes the prevention of disease, treatment, surgery and diagnosis of diseases of animals and inspection of animal products;

(b) **Council** means the Veterinary Council formed under this Law;

(ဂ) **တိရစ္ဆာန်ဆေးကုဆရာဝန်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် တိရစ္ဆာန်ဆေးကုဆရာဝန်ကိုဆိုသည်၊

(ဃ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိသူအား ကောင်စီက ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်၊

(င) **ခွင့်ပြုလက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချ လုပ်ကိုင်ခွင့်ရရှိသူအား ကောင်စီက ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်သူများ စုစည်း၍ တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) တိရစ္ဆာန်ဆေးကု ဆရာဝန်များနှင့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်သူတို့အား ယင်းတို့နှင့်သက်ဆိုင်သော ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းစေရန်၊

(ဂ) တိရစ္ဆာန်ဆေးပညာ သင်ကြားရေးနှင့် ခေတ်မီတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန်၊

(ဃ) တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုနိုင်ရန်၊

(င) တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

(c) **Veterinary Surgeon** means a Veterinary Surgeon registered under this Law;

(d) **Registration Certificate** means a certificate issued by the Council to a person who has been permitted registration as a Veterinary Surgeon;

(e) **Permit** means a permit issued by the Council to a person who has obtained permission to practise as a Veterinary Auxiliary.

## CHAPTER II

## Aims

3. The aims of this Law are as follows:-

(a) to carry out effectively animal health and development works by the Veterinary Surgeons and Veterinary Auxiliaries collectively;

(b) to cause the Veterinary Surgeons and Veterinary Auxiliaries to abide by and maintain the ethics and discipline relating to them;

(c) to contribute towards the instruction and modernisation of Veterinary Science;

(d) to tender advice on the development of livestock breeding and Veterinary works;

(e) to carry out animal health and development works in co-operation with the relevant Government departments and organizations.

အခန်း (၃)

## ကောင်စီဖွဲ့စည်းခြင်း

၄။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တိရစ္ဆာန် ဆေးပညာ ကောင်စီကို ဖွဲ့စည်းရမည်-

(က) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက တာဝန် ပေးအပ်သည့် တိရစ္ဆာန်ဆေးကုဆရာဝန် ၁ ဦး — ဥက္ကဋ္ဌ

(ခ) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက တာဝန် ပေးအပ်သည့် တိရစ္ဆာန်ဆေးကုဆရာဝန် ၆ ဦး — အဖွဲ့ဝင်များ

(ဂ) တိရစ္ဆာန်ဆေးကုဆရာဝန်များက မိမိတို့ အနက်မှ ရွေးကောက် တင်မြှောက်သူ ၇ ဦး — အဖွဲ့ဝင်များ

(ဃ) ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသည့် မှတ်ပုံတင်အရာရှိ — အတွင်းရေးမှူး

၅။ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန် ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီ အတွင်းရေးမှူး သည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၆။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင် တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့် ရှိသည်။

၇။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ် ဖြစ်သည်၊

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်၊

## CHAPTER III

### Formation of the Council

4. The Minister of the Ministry of Livestock Breeding and Fisheries shall, with the approval of the Government form the Veterinary Council consisting of the following persons:-

| | | |
|---|---|---|
| (a) | One Veterinary Surgeon assigned duties by the Minister of the Ministry of Livestock Breeding and Fisheries | Chairman |
| (b) | Six Veterinary Surgeons assigned duties by the Minister of the Ministry of Livestock Breeding and Fisheries | Members |
| (c) | Seven persons elected by the Veterinary Surgeons from among themselves | Members |
| (d) | A Registration Officer appointed and assigned duties under this Law | Secretary |

5. The Council may assign duties to any member of the Council as Treasurer. If no such assignment has been made, the Secretary of the Council shall act as Treasurer.

6. The Council shall have perpetual succession and a common seal with the power to sue and be sued.

7. (a) The tenure of the Council is 4 years at a time commencing from the date of its formation;

(b) The tenure of office of the members of the Council shall be the same as the tenure of the Council;

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း ၃ ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်၊

(ဃ) ကောင်စီဝင် တစ်ဦးဦး၏ နေရာ လစ်လပ်သည့်အခါ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးက တာဝန်ပေးအပ်သည့် ကောင်စီဝင် နေရာဖြစ်လျှင် အစားထိုး တာဝန်ပေးအပ်ရမည်။ ရွေးကောက်တင်မြှောက်ထားသည့် ကောင်စီဝင်နေရာဖြစ်လျှင် အစားထိုးရွေးကောက်တင်မြှောက်ရမည်၊

(င) ပုဒ်မခွဲ (ဃ)အရ အစားထိုး တာဝန်ပေးအပ်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် လက်ရှိ ကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်၊

(စ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကောင်စီ၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခံထားရခြင်း၊

(ဂ) ကောင်စီထံခွင့်ပန်ခြင်းမရှိဘဲ ကောင်စီအစည်းအဝေး တက်ရောက်ရန် တစ်ဆက်တည်း ၃ ကြိမ် ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ တစ်ဆက်တည်း ၆ လ ထက်ကျော်လွန်၍ ပြည်ပသို့ ထွက်ခွာသွားခြင်း၊

(င) သေဆုံးခြင်း။

(c) A member of the Council has the right to act as such only for three consecutive tenures of the Council;

(d) When a vacancy occurs in the post of any member of the Council, which is an assignment by the Minister of the Ministry of Livestock Breeding and Fisheries, a substitute shall be assigned. If it is an elected post of a member of the Council a substi-tute shall be elected;

(e) The tenure of a member of the Council who has been appointed by assignment or by election under sub-section (d) shall only be till the expiry of the current tenure of the Council;

(f) On the expiry of the tenure, the Council shall discharge its functions and duties until a new Council has been formed.

8. The Council shall carry out measures relating to the election and convening of meetings and financial matters in accordance with the stipulations.

9. If any of the following events occurs, the membership of a member of the Council shall cease:-

(a) resignation;

(b) cancellation of registration or revocation of registration subject to a time limit;

(c) failure to attend 3 consecutive meetings of the Council without permission from the Council;

(d) leaving for aboard for 6 consecutive months without permission from the Council;

(e) death.

အခန်း (၄)

## ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားမှုများကို စိစစ်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(ခ) တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားမှုများကို စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ဂ) တိရစ္ဆာန်ဆေးကုဆရာဝန်များ လိုက်နာရမည့် ကျင့်ဝတ်များကို သတ်မှတ်ခြင်း၊

(ဃ) ကျင့်ဝတ်ဖောက်ဖျက်သော တိရစ္ဆာန်ဆေးကုဆရာဝန်ကို အရေးယူခြင်း၊

(င) တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်ခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်သော တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့်ရရှိသူကို အရေးယူခြင်း၊

(ဆ) တိရစ္ဆာန်ဆေးပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း၊

(ဇ) နိုင်ငံတော်က အပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဒီပလိုမာများကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

# CHAPTER IV

## Duties and Powers of the Council

10. The duties and powers of the Council are as follows:-

(a) scrutinizing applications for registration as Veterinary Surgeons and issuing Registration Certificates;

(b) scrutinizing applications for permission to practise as a Veterinary Auxiliary and issuing Permits;

(c) prescribing the code of ethics to be observed by Veterinary Surgeons;

(d) taking action against any Veterinary Surgeon who has violated the code of ethics;

(e) prescribing the discipline to be abided by Veterinary Auxiliaries;

(f) taking action against any Veterinary Auxiliary who has violated the discipline;

(g) tendering necessary advice and suggestions to the relevant Ministries in connection with the instruct-tion of Veterinary Science;

(h) taking measures for the recognition by foreign countries of Veterinary Science degrees and diplomas conferred by the State;

(ဈ) နိုင်ငံခြားတိုင်းပြည်များက အပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဒီပလိုမာများကို အသိအမှတ်ပြုခြင်း၊ ထိုသို့ အသိအမှတ်ပြုရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တက္ကသိုလ်တွင် သင်ကြားပို့ချသည့် ပညာရပ်များကို အကဲဖြတ်နိုင်ရန် လိုအပ်သည့် အချက်အလက်များကို တောင်းယူစိစစ်ခြင်း၊

(ည) တိရစ္ဆာန်ဆေးပညာ ခေတ်မီတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် တိရစ္ဆာန်ဆေးပညာနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တိုးတက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း၊

(ဌ) တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိရစ္ဆာန်ဆေးကုဆရာဝန်များအတွက် လိုအပ်မည့် တိရစ္ဆာန်ဆေးဝါးများ၊ ကိရိယာတန်ဆာပလာများ၊ စာအုပ်စာတမ်းများကို ပြည်ပမှ ဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) လိုအပ်သော ကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

(i) recognizing Veterinary Science degrees and diplomas conferred by foreign countries; requesting and scrutinizing the required facts to enable assessment of the subjects taught in the relevant Institute, in respect of such recognition;

(j) communicating and co-ordinating with international organizations, regional organizations and non-governmental organizations relating to Veterinary Science, in order to modernize Veterinary Science;

(k) tendering necessary advice to the relevant Government departments and organizations for the progress of livestock breeding and veterinary works in accordance with the requirement of the State;

(l) co-ordinating with the relevant Government departments and organizations for the purchase from abroad of necessary veterinary drugs, instruments and apparatus and books and pamphlets, in carrying out the animal health and development works;

(m) forming necessary committees and bodies and determining the duties and powers thereof.

အခန်း (၅)

## တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခြင်း

၁၁။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံသားသည် အောက်ပါအရည်အချင်းတစ်ရပ်ရပ်နှင့် ကိုက်ညီပါက မှတ်ပုံတင်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်-

(က) ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှ ဘီအက်စ်စီ (တိရစ္ဆာန်ဆေးပညာ) ဘွဲ့ရရှိသူ၊ ဘီဗွီအက်စ်ဘွဲ့ရရှိသူ သို့မဟုတ် အလားတူဘွဲ့ ရရှိသူ။

(ခ) ပြည်ပတက္ကသိုလ်တစ်ခုခုက ပေးအပ်ပြီး ကောင်စီကလည်း အသိအမှတ်ပြုထားသည့် တိရစ္ဆာန်ဆေးပညာဘွဲ့ရရှိသူ။

၁၂။ ကောင်စီသည် လျှောက်ထားသူ၏ လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား-

(က) မှတ်ပုံတင်ခွင့်ပြုရမည်၊

(ခ) သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်၊

(ဂ) မှတ်ပုံတင်စာရင်းတွင် အမည်ရေးသွင်းပြီး တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၃။ (က) တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်၊

(ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သက်တမ်းတိုးမြှင့်ပေးရမည်။

# CHAPTER V

## Registration as Veterinary Surgeon

11. A citizen desirous of registration as Veterinary Surgeon may apply to the Council for such registration if he possesses any of the following qualifications:-

(a) a person who has obtained a B.Sc. (Veterinary) degree, B.V.S. degree or a similar degree from any University within the country;

(b) a person who has obtained a Veterinary Science degree which has been conferred by any foreign University and which is also recognized by the Council.

12. If, after scrutiny the Council finds that the application is in conformity with the stipulations it shall-

(a) allow registration;

(b) cause the prescribed registration fees to be paid;

(c) issue a Registration Certificate after entering the name in the register.

13. (a) On expiry of the tenure of the Registration Certificate a person desirous of extending such tenure may apply to the Council in accordance with the stipulations;

(b) If, after scrutiny the application for extension of the tenure of registration under sub-section (a) is in conformity with the stipulations, the Council shall extend the tenure.

## အခန်း (၆)

## တိရစ္ဆာန်ဆေးကုဆရာဝန်၏ တာဝန်နှင့် ရပိုင်ခွင့်များ

၁၄။ တိရစ္ဆာန်ဆေးကုဆရာဝန်သည်-

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ကောင်စီက သတ်မှတ်သည့် ကျင့်ဝတ်များကို စောင့်ထိန်းရမည်။

၁၅။ တိရစ္ဆာန်ဆေးကုဆရာဝန်သည်-

(က) ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့် သို့မဟုတ် ရွေးကောက်တင်မြှောက် ခံနိုင်ခွင့်ရှိသည်၊

(ခ) တိရစ္ဆာန်ဆေးပညာကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်၊

(ဂ) ကောင်စီသို့ အကြံပြုခွင့် ရှိသည်၊

(ဃ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၇)

## အရေးယူခြင်း

၁၆။ (က) ကောင်စီသည် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စွပ်စွဲခံရသော တိရစ္ဆာန်ဆေးကု ဆရာဝန်အား စုံစမ်းစစ်ဆေးနိုင်ရန် အဖွဲ့ဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့တွင် ကောင်စီဝင် အနည်းဆုံး ၁ ဦး ပါဝင်စေရမည်၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စအလို့ငှာ ကောင်စီဝင် ၅ ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီသို့ တင်ပြရမည်။

## CHAPTER VI

## Duties and Rights of a Veterinary Surgeon

14. The Veterinary Surgeon shall-

(a) abide by the rules, procedures, orders and directives issued under this Law;

(b) observe the code of ethics prescribed by the Council.

15. The Veterinary Surgeon has the right to-

(a) be assigned the duty of or be elected as a member of the Council;

(b) practise Veterinary Science as a profession;

(c) tender advice to the Council;

(d) submit his grievances to the Council.

## CHAPTER VII

## Taking of Action

16. (a) The Council may form an Inquiry Committee consisting of three members and assign duty thereto in order to inquire about the Veterinary Surgeon who is alleged to have violated any provision of section 14. Such Committee shall consist of at least one member of the Council;

(b) The Inquiry Committee shall submit a report of its findings to the Disciplinary Committee formed with 5 members of the Council for this purpose by the Council.

၁၇။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)အရ မိမိထံ တင်ပြသော အစီရင်ခံစာကို စိစစ်၍ စွပ်စွဲခံရသော တိရစ္ဆာန်ဆေးကု ဆရာဝန်တွင်-

(က) စွပ်စွဲချက်အရ အပြစ်မရှိကြောင်း တွေ့ရှိရပါက အမှုတွဲကို ပိတ်သိမ်းကြောင်း အမိန့်ချမှတ်ရမည်၊

(ခ) စွပ်စွဲချက်အရ အပြစ်ရှိကြောင်း တွေ့ရှိရပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(၃) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၁၈။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အကျင့်စာရိတ္တ ပျက်ပြားရာ ရောက်သည်ဟု ကောင်စီက သတ်မှတ်သည့် ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှု ထင်ရှား စီရင်ခြင်းခံရသော တိရစ္ဆာန်ဆေးကု ဆရာဝန်အား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၁၉။ (က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် ယင်းကာလ ကုန်ဆုံးသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ပြန်လည်ရရှိလိုလျှင် ကောင်စီသို့လျှောက်ထားနိုင်သည်၊

(ခ) ကောင်စီသည် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မှတ်ပုံတင်လက်မှတ်ကို ပြန်လည် ထုတ်ပေးရမည်။

17. If, after scrutiny of the report submitted to it under section 16 sub-section (b), the Disciplinary Committee finds that the alleged Veterinary Surgeon-

(a) is not guilty of the allegation it shall pass an order for the closure of the case;

(b) is guilty of the allegation it may mete out any of the following administrative penalties:-

(i) giving a warning;

(ii) revoking the Registration Certificate subject to a time limit;

(iii) cancelling the Registration Certificate.

18. The Disciplinary Committee may mete out any of the following administrative penalties on a Veterinary Surgeon who has been convicted by a Court of an offence determined by the Council as amounting to misconduct:-

(a) revoking the Registration Certificate subject to a time limit;

(b) cancelling the Registration Certificate.

19. (a) A person whose Registration Certificate is revoked subject to a time limit may, at the end of such time, apply to the Council for re-registration;

(b) If, after scrutiny the application is in conformity with the stipulations the Council shall re-issue the Registration Certificate.

## အခန်း (၈)

## တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခြင်း

၂၀။ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့်ရရှိရန် ခွင့်ပြုလက်မှတ် လျှောက်ထားခြင်း၊ ယင်းတို့၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ယင်းတို့အား အရေးယူခြင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် နည်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

## အခန်း(၉)

## အယူခံခြင်း

၂၁။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၈ အရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၂။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၀)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၂၃။ မည်သူမျှ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် မရရှိဘဲ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၄။ မည်သူမျှ ကောင်စီက ထုတ်ပေးသည့် ခွင့်ပြုလက်မှတ်မရရှိဘဲ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ် ကိုင်ခြင်း မပြုရ။

၂၅။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ရရှိသူသည် ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

## CHAPTER VIII

## Veterinary Auxiliary Practice

20. Provisions relating to the application for permit to practise as a Veterinary Auxiliary, the duties and powers of a Veterinary Auxiliary and taking of action against the same shall be as prescribed by the Rules.

## CHAPTER IX

## Appeal

21. Any person who is dissatisfied with an order or decision made by the Disciplinary Committee under section 17 or section 18 may file an appeal to the Council within 60 days from the date on which such an order or decision was made.

22. The decision of the Council shall be final and conclusive.

## CHAPTER X

## Prohibitions and Penalties

23. No person shall act as a Veterinary Surgeon without obtaining a Registration Certificate issued by the Council.

24. No person shall practise any branch of Veterinary Science without obtaining a Permit issued by the Council.

25. (a) A Veterinary Science Graduate who violates the provision of section 23 shall, on conviction be punished with imprisonment for a term which may extend to 1 year or with fine which may extend to Kyats 10,000 with both;

(ခ) တိရစ္ဆာန်ဆေးပညာဘွဲ့ ရရှိသူမှအပ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၁)

## အထွေထွေ

၂၇။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည်-

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကု ဆရာဝန် တစ်ဦးဦးအား ဤဥပဒေအလို့ငှာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်၊

(ခ) မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ် ပေးရမည်။

၂၈။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည်-

(က) ကောင်စီ၏ ကုန်ကျစရိတ်များကို ကျခံရမည်၊

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေပါ ပြစ်မှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့် ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၀။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန၏ ပြည်နယ် သို့မဟုတ် တိုင်းအဆင့်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(b) Whoever, with the exception of a Veterinary Science Graduate violates the provision of section 23 shall on conviction be punished with imprisonment for a term which may extend to 3 years or with fine which may extend to Kyats 30,000 or with both.

26. Whoever violates the provision of section 24 shall, on conviction be punished with imprisonment for a term which may extend to 1 year or with fine which may extend to Kyats 10,000 or with both.

## CHAPTER XI

## Miscellaneous

27. The Ministry of Livestock Breeding and Fisheries shall:-

(a) for the purpose of this Law appoint a Veterinary Surgeon of the Livestock Breeding and Veterinary Department as a Registration Officer and assign duties to him;

(b) determine the duties and powers of a Registration Officer.

28. The Livestock Breeding and Veterinary Department shall:-

(a) bear the expenditures of the Council;

(b) undertake to perform the office work of the Council.

29. Offences under this Law are determined as offences cognizable by the People's Police Force.

30. In prosecuting a person who has committed an offence under this Law, prior sanction of the Officer at the State or Divisional level of Livestock Breeding and Veterinary Department shall be obtained.

၃၁။ ရိုးရာအလေ့အထများအရ တိုင်းရင်းဆေးဝါးဖြင့် တိရစ္ဆာန်ကို ကုသခြင်းသည် ဤဥပဒေအရ ပြစ်မှုမမြောက်စေရ။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန သို့မဟုတ် ကောင်စီသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

31. Treatment of animals by indigenous medicine under traditional practices shall not constitute an offence under this Law.

32. In order to carry out the provisions of this Law:-

(a) the Ministry of Livestock Breeding and Fisheries may, with the approval of the Government issue such rules and procedures as may be necessary;

(b) the Ministry of Livestock Breeding and Fisheries, the Livestock Breeding and Veterinary Department or the Council may issue such orders and directives as may be necessary.

(Sd) **Than Shwe**

Senior General

Chairman

The State Law and Order Restoration Council

**တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၁။)**

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )**

# တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၁။)

## ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်

## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **တိရစ္ဆာန်ဆေးကုဆရာဝန်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် တိရစ္ဆာန် ဆေးပညာဘွဲ့ရရှိသူကို ဆိုသည်။"

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) **တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြု အတတ်ပညာ** ဆိုသည်မှာ တိရစ္ဆာန်ဆေးပညာနှင့် ဆက်နွယ်သည့်တိရစ္ဆာန်အစားအစာ ဆေးဝါးနှင့် မွေးမြူရေး ဆိုင်ရာတို့အတွက် အထောက်အကူပြုသည့် အတတ်ပညာကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (င) ကို ပုဒ်မခွဲ (စ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

# The Law Amending the Veterinary Council Law

## (The Pyidaungsu Hluttaw Law No. 71, 2015)

## The 11th Waxing Day of Nadaw, 1377, M.E.

## (22nd December, 2015)

The Pyidaungsu Hluttaw hereby enacts this law.

1. This Law shall be called **the Law Amending the Veterinary Council Law.**

2. Sub-section (c) of Section 2 of the Veterinary Council Law shall be substituted as follows:

“(c) **Veterinary Surgeon** means a person who has obtained Veterinary Science degree and registered under this Law.”

3. In Section 2 of the Veterinary Council Law:

(a) After sub-section (d), sub-section (e) shall be inserted as follows;

“(e) **Veterinary Support Science** means the support science for the animal’s food, medicine and livestock breeding relating to veterinary science.”

(b) Sub-section (e) shall be renumbered as sub-section (f).

၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပါရှိသော "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်" ဆိုသည့် စကားရပ်ကို "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာ တစ်ရပ်ရပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပါရှိသော "မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "(၃) ကြိမ်" ဆိုသည့် စကားရပ်ကို "နှစ်ကြိမ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) စိတ်ပေါ့သွပ်ခြင်း၊ သေဆုံးခြင်း၊"

(ခ) ပုဒ်မခွဲ (င) ၏ နောက်၌ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။"

4. The expression "any Veterinary Science" contained in the Veterinary Council Law shall be substituted by the expression "any Veterinary support Science".

5. The expression "Ministry of Livestock Breeding and Fisheries" contained in the Veterinary Council Law shall be substituted by the expression "Ministry of Livestock Breeding, Fisheries and Rural Development".

6. The expression "three tenures" contained in sub-section (c) of Section (7) of the Veterinary Council Law shall be substituted by the expression "two tenures".

7. In Section 9 of the Veterinary Council Law:

(a) Sub-section (e) shall be substituted as follows:

"(e) unsoundness of mind, death."

(b) After sub-section (e), sub-section (f) and (g) shall be inserted as follows:

"(f) finding the failure of the code of ethics by the Council:

(g) failure to perform the duties assigned by the Council."

၈။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) နိုင်ငံတော်က အပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဘွဲ့လွန်များ၊ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြု အတတ်ပညာအတွက် ပေးအပ်သောဘွဲ့နှင့် ဘွဲ့လွန်များကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် ဆောင်ရွက်ခြင်း၊"

၉။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်းတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့ သို့မဟုတ် အလားတူဘွဲ့ ရရှိသူ၊

(ခ) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ ရရှိသူ။"

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံခြားသားသည် အောက်ပါအရည်အချင်း တစ်ရပ်ရပ်နှင့် ကိုက်ညီပါ က မှတ်ပုံတင်ခွင့်ပြုရန် ကောင်စီသို့ လျှောက်ထားရမည်-

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ် တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ ရရှိသူ၊

8. Sub-section (h) of Section 10 of the Veterinary Council Law shall be substituted as follows:

"(h) taking measures for the recognition by foreign countries of the Veterinary Science degrees and postgraduates, the degrees and postgraduates for the veterinary support science conferred by the State."

9. Sub-sections (a) and (b) of the section 11 of the Veterinary Council Law shall be substituted as follows:

"(a) a person who has obtained a Veterinary Science degree or a similar degree from any local University recognized by the Council;

(b) a person who has obtained a Veterinary Science degree or a similar degree from any foreign University recognized by the Council."

10. After Section 11 of the Veterinary Council Law, Section 11-A shall be inserted as follows:

"11-A A foreigner desirous of registration as Veterinary Surgeon may apply to the Council if he meets any of the following qualifications:

(a) a person who has obtained a Veterinary Science degree or a similar degree from any foreign University recognized by the Council;

(ခ) ကောင်စီကအသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပ တက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော အရည်အချင်းစစ် စာမေးပွဲကို အောင်မြင်သူ။"

၁၁။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(က)ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့်၊ ရွေးကောက် တင်မြှောက် ခံပိုင်ခွင့်နှင့် ကောင်စီဝင် ရွေးချယ်တင်မြှောက် ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (က) ပါ "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်သုံးသိန်း" ဆိုသည့်စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ပါ "ထောင်ဒဏ် ၃ နှစ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၃၀၀၀၀"ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ် သုံးသိန်း"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုး ရမည်။

(b) a person who has obtained a Veterinary Science degree or a similar degree from any foreign University not recognized by the Council and passed the examination of the qualifications held by the Council."

11. Sub-section (a) of Section 15 of the Veterinary Council Law shall be substituted as follows:

(a) be assigned the duty of or be elected as a member of the Council and vote in the election of member of the Council;

12. In Section 25 of the Veterinary Council Law:

(a) The expression "imprisonment for a term which may extend to 1 year or with fine which may extend to kyats 10,000 or with both" contained in sub-section (a) shall be substituted by the expression "fine three hundred thousand kyats";

(b) The expression "three years imprisonmet" contained in sub-section (b) shall be substituted by the expression "one year imprisonment" and the expression "fine kyats 30,000" shall be substituted by the expression "fine three hundred thousand kyats".

၁၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၆ ပါ "ထောင်ဒဏ် ၁ နှစ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၁၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

13. The expression "1 year imprisonment" contained in Section 26 of the Veterinary Council Law shall be substituted by the expression "one year imprisonment" and the expression "fine kyats 10,000" shall be substituted by the expression "fine three hundred thousand kyats".

14. Section 32 of the Veterinary Council Law shall be substituted as follows:

"32. In implementing the provision of this Law:

(a) the Ministry of Livestock Breeding, Fisheries and Rural Development may, with the approval of the Union Government, issue rules, regulations and bye-laws;

(b) the Ministry of Livestock Breeding, Fisheries and Rural Development, the Livestock Breeding and Veterinary Department and the Council may issue notifications, order, directives and procedures."

---

I hereby sign in accord with the Constitution of the Republic of the Union of Myanmar.

Sd/ Thein Sein

President

The Republic of the Union of Myanmar